မည်သည့်အမလ်ကောင်းမှုသည် အလ္လာဟ်အရှင်မြတ်

အနှစ်သက်ဆုံးဖြစ်တော်မူပါနည်းဟု

လျှောက်ထားမေးမြန်းခဲ့သည်။ ကိုယ်တော်က ဆွလာသ်အား

သူ့အချိန်နှင့်သူ ဆောက်တည်ခြင်းဖြစ်သည်ဟု

ဖြေကြားတော်မူခဲ့သည်။ ထို့နောက်

မည်သည့်အမလ်ကောင်းမှုသည် အမြတ်ဆုံးပါနည်းဟု

မေးလျှောက်ရာ ကိုယ်တော်က မိဘနှစ်ပါးကို ကောင်းမွန်စွာပြုစုစောင့်ရှောက်ခြင်းဖြစ်သည်ဟု

ဖြေကြားတော်မူခဲ့သည်။ ထို့နောက်

မည်သည့်အမလ်ကောင်းမှုသည် အမြတ်ဆုံးပါနည်းဟု

မေးလျှောက်ရာ ကိုယ်တော်က

အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင်

စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ဖြစ်သည်

အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား မည်သည့်အမလ်ကောင်းမှုသည်
အလ္လာဟ်အရှင်မြတ် အနှစ်သက်ဆုံးဖြစ်တော်မူပါနည်းဟု လျှောက်ထားမေးမြန်းခဲ့သည်။ကိုယ်တော်က ဆွလာသ်အား သူ့အချိန်နှင့်သူ ဆောက်တည်ခြင်းဖြစ်သည်ဟု
ဖြေကြားတော်မူခဲ့သည်။ ထို့နောက် မည်သည့်အမလ်ကောင်းမှုသည် အမြတ်ဆုံးပါနည်းဟု
မေးလျှောက်ရာ ကိုယ်တော်က မိဘနှစ်ပါးကို ကောင်းမွန်စွာ
ပြုစုစောင့်ရှောက်ခြင်းဖြစ်သည်ဟု ဖြေကြားတော်မူခဲ့သည်။ ထို့နောက်
မည်သည့်အမလ်ကောင်းမှုသည် အမြတ်ဆုံးပါနည်းဟု မေးလျှောက်ရာ ကိုယ်တော်က
အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ဖြစ်သည်ဟု
ဖြေကြားတော်မူခဲ့သည်။ ၎င်းက ဆက်လက်ပြောပြသည်မှာ ကိုယ်တော်သည် ကျွန်တော့်အား
ဤကောင်းမှုများကို မိန့်ကြားတော်မူခဲ့သည်။ အကယ်၍ ကျွန်တော်က ထပ်မံမေးမြန်းလျှင်
ကိုယ်တော်သည် ထပ်မံ၍ ဖြေကြားမည်ပင်ဖြစ်သည်။ [صحيح] [متفق عليه]

မည်သည့်အမလ်ကောင်းမှုသည် အလ္လာဟ်အရှင်မြတ်အနှစ်သက်ဆုံးဖြစ်ပါသနည်းဟု တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား မေးလျှောက်သည့်အခါ ကိုယ်တော်ကဖြေကြားတော်မူသည်မှာ ဖရ်ဿ်ွ ဆွလာသ်ကို အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားသည့်အချိန်၌ဝတ်ပြုခြင်းဖြစ်သည်။ ထို့နောက် မိဘနှစ်ပါးကို ကောင်းမွန်စွာ

https://sunnah.global/hadeeth/my/show/3365

